# Covid-19 ၏ ကမ္ဘာလုံးဆိုင်ရာ အထည်ချုပ် ကုန်စည်စီးဆင်းမှု ကွင်းဆက်အပေါ် မညီမျှ သက်ရောက်မှုများ

အီသီယိုးပီးယား၊ ဟွန်ဒူးရပ်စ်၊ အိန္ဒိယနှင့်မြန်မာနိုင်ငံတို့မှ အထောက်အထားများ


Authored by

Genevieve LeBaron

Penelope Kyritsis

Perla Polanco Leal

Michael Marshall



The University Of Sheffield.

Department Of Politics & International Relations.

speri.

WRC WORKER RIGHTS CONSORTIUM

# အပြီးသတ်အစီရင်ခံစာ အကျဉ်းချုပ

## အကြောင်းအရာ

Covid-19 ကူးစက်ပျံ့နှံ့နေစဉ် ကာလအတွင်း အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှုများပြားလာခြင်း အပါအဝင် အထည်ချုပ် ကုန်စည်စီးဆင်းမှု ကွင်းဆက်အတွင်း အလုပ်သမားများ၏ လူနေမှု နှင့် လုပ်ငန်းခွင် အခြေအနေများ ဆိုးရွားလာခြင်းကို ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ထားပါသည်။

ကမ္ဘာလုံးဆိုင်ရာ အထည်ချုပ် ကုန်စည်စီးဆင်းမှု ကွင်းဆက် အတွင်းရှိ အလုပ်သမားများ နှင့် စီးပွါးရေးလုပ်ငန်းများ အပေါ် ကမ္ဘာနေရာအနှံ့တွင် ဖြစ်ပွားသော ကူးစက်ရောဂါ၏ သက်ရောက်မှုကို စုံစမ်းရန် ဤလေ့လာမှုကို ကျွန်ုပ်တို့က ပြုလုပ်ခဲ့ပါသည်။ အထည်ချုပ် ထုတ်လုပ် တင်ပို့သော နိုင်ငံလေးနိုင်ငံ -အီသီယိုးပီးယား၊ ဟွန်ဒူးရပ်စ်၊ အိန္ဒိယနှင့်မြန်မာနိုင်ငံ- က အလုပ်သမားများကို အာရုံစိုက်ပြီး ယူနိုက်တက်ကင်းဒမ်း (ယူကေ)၊ အမေရိကန်ပြည်ထောင်စု (ယူအက်စ်)၊ ဥရောပသမဂ္ဂ (အီးယူ)၊ ကနေဒါနှင့် အခြားနိုင်ငံများရှိ အထည်ချုပ်အမှတ်တံဆိပ်များ နှင့် ဝယ်ယူသူများ အတွက်အရေးပါသော ကုန်တင် သွင်းသည့် အခြေစိုက်နိုင်ငံများလည်းဖြစ်သည်။ ကျွန်ုပ်တို့သုတေသနကို ခေတ်သစ်ကျွန်ပြုခြင်း နှင့် လူ့အခွင့်အရေးမူဝါဒ နှင့် အထောက်အထား စင်တာက ငွေကြေးထောက်ပံ့ထားပြီး အောက်တိုဘာလ ၂၀၂၀ခုနှစ် နှင့် မေလ ၂၀၂၁ခုနှစ် အတွင်း တွင်ပြု လုပ်ခဲ့ပါသည်။

ကူးစက်ရောဂါ ဖြစ်ပွါးစဉ် ကာလအတွင်း သုတေသနပြုလုပ်ခြင်း စိန်ခေါ်ချက်များတွင် လုပ်ငန်းခွင်အခြေအနေများအပေါ် သက်ရောက်မှု အထောက်အထားများသည် ပြန့်ကျဲနေပြီး လက်တွေ့မဆန်သောကြောင့် ပိုမိုကျယ်ပြန့်သည့် ဖြစ်စဉ်များကို လေ့လာရန် အခွင့်အရေး အနည်းငယ်သာရှိသည်။ Covid-19 ၏ ကုန်စည်စီးဆင်းမှု ကွင်းဆက်အပေါ် သက်ရောက်မှုများကို လေ့လာရာတွင် ကုမ္ပဏီများကို အဓိက အာရုံစိုက်ခဲ့ကြသောကြောင့် ကူးစက်ရောဂါက ကုန်စည်စီးဆင်းမှု ကွင်းဆက်၏ အောက်ခြေရှိ လုပ်သားထုအား မည်သို့ သက်ရောက်သည်ကို အကောင်းဆုံး ရှင်းပြနိုင်သည့် အနေအထားတွင်ရှိနေသည့် အလုပ်သမားများ၏ အသံကို ချန်ထားခဲ့သည်။

ထို့အတွက် ကျွန်ုပ်တို့က အီသီယိုးပီးယား၊ ဟွန်ဒူးရပ်စ်၊ အိန္ဒိယနှင့်မြန်မာနိုင်ငံမှအလုပ်သမားများကို နိုင်ငံစုံ အရေအတွက် ဒစ်ဂျစ်တယ် စစ်တမ်းကောက်ခံခြင်း (N=1140); အီသီယိုးပီးယား၊ ဟွန်ဒူးရပ်စ် နှင့် အိန္ဒိယမှ အလုပ်သမားများအား တွေ့ဆုံမေးမြန်းခြင်း (N=60); အဝတ်အထည်အမှတ်တံဆိပ်များ၊ အစိုးရများ၊ လူမှုရေးရာ လိုက်နာမှုကဏ္ဍ ပညာရှင်များ နှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များအား တွေ့ဆုံမေးမြန်းခြင်းများ (N=20) ပြုလုပ်ပြီး အဓိကကျပြီး ကျယ်ပြန့်သည့် သုတေသနကို လုပ်ဆောင်ခဲ့ပါသည်။ ထို့အပြင် အထည်ချုပ် ကုမ္ပဏီ ၂၁ခုမှ ၂၀၂၀/၂၀၂၁ နှစ်စဉ် ဘဏ္ဍာရေးရှင်းတမ်းများ နှင့် ရေရှည်တည်တံ့ရေး အစီရင်ခံစာများအပြင် ကနေဒါ၊ အီသီယိုးပီးယား၊ ဟွန်ဒူးရပ်စ်၊ အိန္ဒိယ၊ မြန်မာ၊ ယူကေနှင့်ယူအက်စ်နိုင်ငံများ၏ အစိုးရများက ကူးစက်ရောဂါကာလအတွင်း စီးပွါးရေးလုပ်ငန်းများအား အကူအညီပေးခြင်း အစီအစဉ်များနှင့် သက်ဆိုင်သည့် မှတ်တမ်းများ နှင့် ဘဏ္ဍာရေးဆိုင်ရာအစီရင်ခံစာများ စုပေါင်းထားသည့် အချက်အလက် ဒေတာဘေစ့် တစ်ခုအား ဖန်တီးခဲ့ပါသည်။ ကပ်ရောဂါကူးစက်ကာလအတွင်း အလုပ်ဆက်လက်ရှိနေသည့် အလုပ်သမားများ အပါအဝင် အလုပ်ရပ်ဆိုင်းခံရသူများအား

အဓိကထားပြီး အလုပ်အာမခံချက်၊ ဝင်ငွေ၊ အတင်းအဓမ္မ လုပ်အားပေးစေခိုင်းခံရနိုင်ခြင်း နှင့် အကြွေးတင်ခြင်း အပါအဝင် နေထိုင်မှု နှင့် လုပ်ငန်းခွင် အခြေအနေများ၏ ညွှန်းကိန်း များက ကူးစက်ရောဂါကာလအတွင်း မည်သို့ပြောင်းလဲသည်ကို ကျွန်ုပ်တို့က လေ့လာစုံစမ်းခဲ့ပါသည်။

ဤ အစီရင်ခံစာသည် အလုပ်သမားများမှ ရရှိသည့် အချက်အလက်များကို အဓိက အာရုံစိုက်ထားပြီး လက်ရှိအချိန်အထိ ကူးစက်ရောဂါ၏ အထည်ချုပ် ကုန်စည်စီးဆင်းမှု ကွင်းဆက်အပေါ် သက်ရောက်မှု အကြောင်းအရာများစွာတွင် ချန်ထား ခံခဲ့ ရသည့် အလုပ်သမားများ၏ အမြင်နှင့် အသံပါဝင်လာစေရန်ဖြစ်သည်။

## တွေ့ရှိချက်များ အကျဉ်းချုပ်

ကျွန်ုပ်တို့ တွေ့ရှိသည်မှာ ကူးစက်ရောဂါ ဖြစ်ပွါးစဉ် ကာလအတွင်း အထည်ချုပ်လုပ်သားများ၏ အလုပ်နှင့် လူနေမှု အခြေအနေများ ပြင်းပြင်းထန်ထန်ဆိုးရွားလာခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ ဖြစ်ရပ်မှန် လေ့လာသည့် လေးနိုင်ငံစလုံးတွင် အလုပ်သမားများ၏ ဝင်ငွေ နှင့် လုပ်ငန်းခွင်အခြေအနေများ ကျဆင်းဆိုးရွားလာခြင်းကို ရင်ဆိုင်နေရပြီး အတင်းအဓမ္မ လုပ်အားပေးစေခိုင်းခံရခြင်းများ ပိုမို ဖြစ်နိုင်ကြောင်း အဓိက ညွှန်းကိန်းများက ဖော်ပြနေသည်။ ဤ ပြောင်းလဲချက်များသည် တူညီသည့် အလုပ်များတွင် မပြောင်းလဲဘဲ အလုပ်လုပ်နေသည့် လုပ်သားများ အပါအဝင် ကူးစက်ရောဂါကာလအတွင်း စာချုပ်များဖျက်သိမ်းခံရပြီး အလုပ်အသစ်ရရှိသော်လည်း ကူးစက်ရောဂါမတိုင်မီက ၎င်းတို့၏ အလုပ်များနှင့် နှိုင်းယှဉ်ပါက များသောအားဖြင့် ပိုမိုဆိုးရွားသော လုပ်ငန်းခွင်အခြေအနေများနှင့် လုပ်ခလစာနည်းခြင်းကို ရင်ဆိုင်ရသည်။ ဤဖြစ်ရပ်ပုံစံ များသည် ဖြစ်ရပ်မှန်လေ့လာသည့်နိုင်ငံအပေါ် မူတည်ပြီး ကွဲပြားသည်; တစ်ဦးတစ်ယောက်ချင်း အဆင့် အချက်အလက် များ ဖြစ်သည့် အသက်၊ ကျား/မကွဲပြားမှု၊ လူမျိုး နှင့် တိုင်းရင်းသားမျိုးနွယ်စု၊ အလုပ်သမားသမဂ္ဂဆက်နွယ်မှု၊ ရွှေ့ပြောင်းသွား လာခြင်းနှင့် အလုပ်အကိုင်အခြေအနေ နှင့် ကုန်စည်စီးဆင်းမှု ကွင်းဆက်အတွင်း စီးပွါးရေးဆိုင်ရာ မတူညီမှု များ ပါဝင်သည်။

### အလုပ်အာမခံချက်

— ကျွန်ုပ်တို့ စစ်တမ်း ကောက်ခံခဲ့သည့် အလုပ်သမား ၁၁၄၀အနက်; ကူးစက်ရောဂါဖြစ်ပွါးစဉ်ကာလအတွင်း ၇၂% သည် စက်ရုံတစ်ရုံတည်းတွင် ဆက်လက် အလုပ်လုပ်နေပြီး ၁၇%သည် အခြား အလုပ်သို့ပြောင်းရသည်။ ကျန် ၁၁%သည် လက်ရှိတွင် အလုပ်မလုပ်ပါ။

— အလုပ်သမား ၁၃%သည် ၎င်းတို့၏ ကူးစက်ရောဂါမတိုင်မီက ချုပ်ဆိုထားသော စာချုပ်များဖျက်သိမ်းခံရသည်; ဤအကြောင်းအရာသည် ကူးစက်ရောဂါကာလအတွင်း အလုပ်ပြောင်းရန် နှင့်/သို့ အလုပ်အကိုင်ဆုံးရှုံးသည့် အဖြစ်အများဆုံး အကြောင်းအရာဖြစ်ပြီး ၈၀%နီးပါးသည် လျော်ကြေးငွေ အပြည့်မရကြဘဲ သုံးပုံနှစ်ပုံသည် လျော်ကြေးငွေ လုံးဝမရရှိပါ။

— တစ်ဦးတစ်ယောက်ချင်း လူဦးရေ အချက်များတွင် အလုပ်သမားများ ၎င်းတို့၏ စာချုပ်များဖျက်သိမ်းခံရခြင်းသည် တိုင်းရင်းသား လူနည်းစု သို့ ဇာတ်နိမ့်ဖြစ်နေသောကြောင့် အများဆုံးဖြစ်နိုင် ပြီး အကာအကွယ်ပေးသည့် အချက်များတွင်မူ ကျွန်ုပ်တို့၏ နမူနာက ညွှန်းသည်မှာ အလုပ်သမားသမဂ္ဂ အဖွဲ့ဝင်ဖြစ်ပါက စာချုပ်ဖျက်သိမ်းခံရခြင်း အနည်းဆုံးဖြစ်သည်။

### လုပ်ခလစာနှင့် လုပ်ငန်းခွင်အခြေအနေများ

— အလုပ်သမားအားလုံးအကြားတွင် လစဉ် ပျမ်းမျှဝင်ငွေသည် ကူးစက်ရောဂါမတိုင်မီကာလ $၆၂၇.၄၅ USD မှ သို့ $၅၆၀.၃၆ USD ကျဆင်းသွားခဲ့သည်။ တစ်နည်းဆိုရမည်ဆိုလျှင် အလုပ်သမားများသည်

ပျမ်းမျှအားဖြင့် ဝင်ငွေ၏ ၁၁% ကိုဆုံးရှုံးခြင်း ကြုံတွေ့ကြရသည်။ လေ့လာမှုတွင် ငွေကြေးပမာဏအားလုံးကို ယူအက်စ်ဒေါ်လာမှ ငွေလဲလှယ်နှုန်း အစား ဝယ်ယူနိုင်စွမ်းကွာခြားမှုနှုန်း (PPP) သို့ ကျွန်ုပ်တို့ က ပြောင်းထားပါသည်။ ဆိုလိုသည်မှာ ဤ အစီရင်ခံစာတွင် ပါဝင်သည့် အလုပ်သမားများ၏ ဝင်ငွေကိန်းဂဏန်းများသည် ယခင် WRC ထုတ်ဝေစာများ နှင့် နှိုင်းယှဉ်လျှင် ပိုများနေသကဲ့သို့ ဖြစ်နေနိုင်ပါသည်။ ( နည်းနာ ကိုကြည့်ပါ)

— ကူးစက်ရောဂါ ဖြစ်ပွါးသည့် ကာလအတွင်း အလုပ်သမားများ အတင်းအဓမ္မလုပ်အားပေးစေခိုင်းခံရခြင်းများကို အဓိက ညွှန်းကိန်းများက မြင့်မားလာကြောင်းပြသနေသည်။ လက်ရှိ အလုပ်လုပ်နေသည့် ဖြေဆိုသူများထဲတွင် အလုပ်သမား ၃၅၆ဦး (၃၅%) သည် နှုတ်အားဖြင့် အလွဲသုံးစားမှုအပြုခံရခြင်း၊ ၂၄၅ဦး (၃၄%) သည် အန္တရာယ်ပြုခြင်း နှင့်/သို့ ခြိမ်းခြောက်ခံရခြင်း၊ ၂၂၄ဦး (၂၂%) သည် မတရားသဖြင့် လုပ်ခအဖြတ်ခံရခြင်း သို့ မပေးဘဲချန်ထားခြင်း နှင့် ၁၉၆ဦး (၁၉%) သည် ရေ နှင့် အိမ်သာ အစရှိသည်များအား အကန့်အသတ်ဖြင့်သာ အသုံးပြုခွင့်ရှိသည်ဟု အစီရင်ခံခဲ့ကြပါသည်။ ဖြေဆိုသူ အများအပြားအတွက် ဤ အခြေအနေများသည် အသစ်ဖြစ်နေပြီး ကူးစက်ရောဂါ မတိုင်မီက တွေ့ကြုံဖူးခြင်း မရှိပေ။ အခြားသူများအတွက် ဤ ပြဿနာများသည် ကပ်ရောဂါမတိုင်မီက ဖြစ်ပွါးခဲ့သော်လည်း ဖြစ်ပွါးမှုနည်းပြီး မပြင်းထန်ပါ။

— ပါဝင်ဖြေဆိုသူ ၃၉၉ဦး (၃၉%)က PPE မရှိခြင်း နှင့် အခြားသူများနှင့် ခပ်ခွါခွါနေခြင်းများ မရှိပါ။

— ကူးစက်ရောဂါ ဖြစ်ပွါးသည့် ကာလအတွင်း အလုပ်ပြောင်းသည့်သူများတွင် သုံးပုံတစ်ပုံကျော်က ၎င်းတို့၏ အလုပ်အသစ်သည် ပိုနည်းသောလုပ်ခလစာ၊ အလုပ်အာမခံချက်မရှိခြင်း နှင့် ပိုများသည့် အန္တရာယ်နှင့် အန္တရာယ်ကျရောက်နိုင်ခြေပိုများသည့် အခြေအနေများကို ကြုံတွေ့ရသည်။ ထို့အပြင် အလုပ်ပြောင်းသည့် အလုပ်သမား ၆၈%တွင် ရေးထားသည့် သို့မဟုတ် နှုတ်ဖြင့်ချုပ်ဆိုထားသည့် စာချုပ်မရှိပါ။ အလုပ်အသစ်တွင် စာချုပ်ရရှိသော အလုပ်သမားများအနက် ၁၉%ကပြောသည်မှာ ၎င်းတို့၏ စာချုပ်အသစ်တွင် ပါရှိသည့် စည်းကမ်းချက်များသည် ယခင်စာချုပ်ထပ် ပို၍ဆိုးသည်။

## အလုပ်သမားများ၏ ကြွေးမြီများ

— လုပ်ငန်းခွင်အခြေအနေများ နှင့် အသက်မွေးဝမ်းကျောင်းမှု မဟာဗျူဟာများအား ပုံဖော်နေသည့် အဓိက လမ်းကြောင်းသည် အစားအသောက်၊ နေရာထိုင်ခင်း၊ ကျန်းမာရေးကုန်ကျစရိတ်များ နှင့် အခြား အခြေခံ လိုအပ်ချက်များကို ပေးချေရန် တိုးလာနေသည့် အလုပ်သမားများ၏ ကြွေးမြီများဖြစ်သည်။ ကူးစက်ရောဂါ ဖြစ်ပွါးသည့် ကာလအတွင်း အလုပ်သမားများသည် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် လုံလောက်သည့် အခကြေးငွေကို မရရှိဘဲ အစိုးရနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက ပေးသည့် ငွေကြေး အထောက်အပံ့ကို လက်လှမ်းမီရန်လည်း ရုန်းကန်ခဲ့ရသည်။

— အိမ်ထောင်စုတစ်စု၏ အကြွေး ပျမ်းမျှအဆင့်သည် ကပ်ရောဂါမတိုင်မီက $၁၈၃၅.၂၃ USD ရှိရာက $၂၁၂၅.၄၈ USD သို့ မြင့်တက်သွားပြီး ၁၆% တက်သွားခြင်းဖြစ်သည်။ ပျမ်းမျှ အကြွေး အဆင့်သည် အီသီယိုးပီးယားတွင် နှစ်ဆတက်သွားခဲ့သည်။ မြန်မာတွင် ၃၄%၊ အိန္ဒိယတွင် ၂၁% နှင့် ဟွန်ဒူးရပ်စ်တွင် ၆% အသီးသီးတက်သွားခဲ့သည်။

— အလုပ်သမား 60%ကျော်သည် ကူးစက်ရောဂါ ကာလအတွင်း ပိုက်ဆံချေးခဲ့ရပြီး ; ကျွန်ုပ်တို့ ရရှိထားသည့် အလုပ်သမား ၁၀၈၃ဦး၏ အကြွေး အဆင့်

အချက်အလက်များအရ ၄၅၁ဦး (၄၂%)သည် ၎င်းတို့၏ အကြွေး အဆင့် မြင့်တက်လာခြင်းကို ကြုံတွေ့ရသည်။ ကူးစက်ရောဂါ ကာလအတွင်း နောက်ထပ် အကြွေးယူရခြင်းသည် အတင်းအဓမ္မလုပ်အားပေးစေခိုင်းခံရခြင်း ပိုမိုဖြစ်စေရန် ဆက်စပ်နေသည်။

— ကျွန်ုပ်တို့ ၏ နမူနာထဲမှ အလုပ်သမားအများစုသည် ကူးစက်ရောဂါ စတင်ဖြစ်ပွါးသည့် အချိန်တွင် မည်သည့်စုဆောင်းထားသည့်ငွေမျှ မရှိပါ။ ရှိသူများတွင်လည်း စုဆောင်းငွေ ပျမ်းမျှ အဆင့်သည် ကျသွားပြီး $၄၀၉.၁၈ USD မှ $၁၃၆.၇၁ USD သို့ ရောက်သွားခဲ့သည်။ စုဆောင်းငွေ မရှိသည့် ပါဝင်ဖြေဆိုသူ စုစုပေါင်း အရေအတွက်သည် ၂၅%သို့ မြင့်တက်လာခဲ့သည်။

## စီးပွါးရေးလုပ်ငန်းများ နှင့် အစိုးရများ၏ တုံ့ပြန်မှုများ

— အထည်ချုပ် နိုင်ငံပေါင်းစုံ ကော်ပိုရေးရှင်းများ (MNCs) - အဓိကကျသည့် ဖက်ရှင်အမှတ်တံဆိပ်များ နှင့် လက်လီရောင်းချသူများ ကိုဆိုလိုသည် - ကူးစက်ရောဂါ ကာလအတွင်း ကုန်စည်စီးဆင်းမှု ကွင်းဆက်၏ ထိပ်ပိုင်းတွင် စီးပွါးရေး ရလဒ်များသည် မတူညီကြဘဲ အချို့သည် ရှုံးနှစ်များနှင့် နှိုင်းယှဥ်ပါက အမြတ်အစွန်းအချို့ ဆုံးရှုံးပြီး အချို့မှာမူ ရောင်းအား နှင့် ငွေကြေးအမြတ်အစွန်းများ သမိုင်းဝင်မြင့်တက်ခဲ့သည်။

— ကျွန်ုပ်တို့ ၏ အထည်ချုပ်ကဏ္ဍမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံမေးမြန်းချက်များအရ မတူညီသည့် စီးပွါးရေး ရလဒ်များရရှိသည့်တိုင် အထည်ချုပ် MNCs များသည် ကပ်ရောဂါဖြစ်ပွါးချိန်ကစတင်၍ ပျက်စီးဆုံးရှုံးမှုများ နှင့် အလားအလာရှိသည့် ဆုံးရှုံးမှုများကို ကုန်ပစ္စည်းပေးသွင်းသူများ နှင့် လုံးဝမတတ်နိုင်သည့် အလုပ်သမားများအပေါ် တသမတ်တည်း လွှဲပြောင်းပုံချခဲ့သည်။ လူမှုရေးရာကတိကဝတ်များ အစား အမြတ်အစွန်းကို ဦးစားပေးခဲ့သည်။ အချိုးအစားမမျှတသည့် အင်အား၊ ပထဝီအနေအထား နှင့် ဥပဒေရေးရာကွာခြားချက် ရှိနေသည့် ကုန်ပစ္စည်းပေးသွင်းသူများ နှင့် အလုပ်သမားများအပေါ် ၎င်းတို့၏အရှိန်အဝါကို စီးပွါးရေးရာ အကျိုးဖြစ်ထွန်းရန် အသုံးချခဲ့သည်။ သို့သော် အနည်းငယ်သော လက်တဆုပ်စာ MNCများကပို၍ တာဝန်ရှိရှိ တုံ့ပြန်ခဲ့ပြီး; ထိုလုပ်ငန်းများသည် အများအားဖြင့် စက်ရုံများကို တိုက်ရိုက်ပိုင်ဆိုင်ကြပြီး ကုန်ပစ္စည်း အရေအတွက် များစွာ ပေးသွင်းသည့် အခြေစိုက်နေရာများ ဖြစ်သောကြောင့်ဖြစ်သည်။ ထို စက်ရုံများကို မက်လုံးပေးခြင်းအားဖြင့် ၎င်းတို့၏ စီးပွါးရေး အစိတ်အပိုင်းများနှင့် ကာလရှည်ကြာ စီးပွါးရေးရာဆက်ဆံရေးကို ကာကွယ်ခြင်းဖြစ်သည်။

— ကပ်ရောဂါ ဖြစ်ပွါးသည့် အစပိုင်း အဆင့်တွင် MNCs ၏ ကူးစက်ရောဂါ အပေါ် တုံ့ပြန်ချက်များ မရှိခြင်းသည် ကုန်စည်စီးဆင်းမှု ကွင်းဆက်တလျှောက် ဆင့်ပွါးသက်ရောက်မှုကို ဖြစ်စေပြီး ကုန်ပစ္စည်းပေးသွင်းသူများ ယာယီ သို့ အကန့်အသတ်မရှိ ပိတ်သိမ်းရခြင်း၊ အလုပ်သမား အစုလိုက်အပြုံလိုက် အလုပ်ထုတ်ခံရခြင်း၊ ပိုဆိုးရွားသော လုပ်ခလစာ၊ နှင့် အတင်းအဓမ္မလုပ်အားပေးစေခိုင်းခံရရန် ပိုမို အားနည်းလာခြင်း အပါအဝင် သာ၍ဆိုးလာသည့် လုပ်ငန်းခွင်အခြေအနေများကို ကြုံကြရသည်။ အချို့ MNCများက ကူးစက်ရောဂါ အလယ်ပိုင်းကာလတွင် ပျက်စီးဆုံးရှုံးမှုများကို ပြုပြင်ရန် ကြိုးစားခဲ့သည် - ကုန်ပစ္စည်းပေးသွင်းသူများအား ငွေထောက်ပံ့ပေးခြင်း နှင့် ကြိုတင်ငွေပေးချေခြင်းများ အပါအဝင် ထုတ်လုပ်မှုကို ထိန်းညှိပေးစေခြင်း နှင့် ပေးပို့ချိန်များကို ပြောင်းနိုင်ပြင်နိုင်စေခြင်းတို့ဖြစ်သည်။ သို့သော် အရေးကြီးသည့် စိန်ခေါ်ချက်များမှာ ကျန်ရှိဆဲဖြစ်သည်။

- ကုန်စည်စီးဆင်းမှု ကွင်းဆက်၏ အုပ်ချုပ်မှုစနစ်တွင် အများပြည်သူနှင့်ပုဂ္ဂလိ ပုံစံနှစ်မျိုးစလုံးသည် ပို၍သာ ဆိုးရွားလာနေသည်။ အစိုးရများ နှင့် MNCs နှစ်ခုလုံးသည် ကုန်စည်စီးဆင်းမှု ကွင်းဆက်များတွင် အလုပ်စံချိန်စံနှုန်းများအား  ပြဌာန်းရန် ပျက်ကွက်ခြင်း၊ အလုပ်သမားများအား အကာအကွယ်ပေးနိုင်မှု ပိုမိုနည်းပါးခြင်း နှင့် အလုပ်ရှင်များက အလုပ်စံချိန်စံနှုန်းများ လျှော့ချခြင်းအား ပြစ်ဒဏ်မပေးခြင်းဖြင့် အထောက်အကူပေးနေသည်။

- ကူးစက်ရောဂါသည် ပိုမိုဆိုးရွားသော အခြေအနေများ ဖန်တီးနေသည်မှာ လက်ရှိအချိန်တွင်သာ မဟုတ်ဘဲ တန်ဖိုးဖြန့်ဝေမှုဆိုင်ရာ ကုန်စည်စီးဆင်းမှု ကွင်းဆက်၏ နှစ်ပေါင်းကြာရှည်ဖြစ်ခဲ့သည့် မညီမျှမှုများသည် အရှိန်မြှင့်တက်လာပြီး တိုးပွါးလာနေသည်။ ကုန်စည်စီးဆင်းမှု ကွင်းဆက်အတွင်းက ပါဝင်သူများ၏ စွမ်းအားခြားနားချက်များ နှင့် အလုပ်သမား နှင့် အလုပ်သမားသမဂ္ဂများ အပါအဝင် ၎င်းတို့၏ အဖွဲ့အစည်းများကို ကုန်စည်စီးဆင်းမှု ကွင်းဆက်၏ အုပ်ချုပ်မှုစနစ်တွင် ချန်လှပ်ထားခြင်းလဲပါဝင်သည်။